# အပိုင်း ၁

# နောက်ခံ သမိုင်းကြောင်း

## ၁။ နောက်ခံသမိုင်းကြောင်း

အပြည်ပြည်ဆိုင်ရာဒီမိုကရေစီရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ အထောက်အကူပြုအဖွဲ့ (**IDEA**) ၏ လူသားစွမ်းရည်ဖွံ့ဖြိုး ရေး တည်ဆောက်မှုလုပ်ငန်းများ
အပြည်ပြည်ဆိုင်ရာ IDEA ၏လုပ်ငန်းတာဝန်ကတော့ ကမ္ဘာတဝှမ်း ဒီမိုကရေစီဖွံ့ဖြိုးရေးလုပ်ငန်းများကိုမြှင့်တင်ပေးရေးဖြစ်ပါတယ်။ ဒီမိုကရေစီ ရှင်သန်အခွန့်ရှည်ရေးအတွက် အောက်ပါအဖွဲ့စည်းများ အပါအဝင် နိုင်ငံရဲ့ အရေးပါတဲ့ကဏ္ဍအသီးသီးမှ ပူးပေါင်းပါဝင် ဆောင်ရွက်မှု လိုအပ်ပါတယ်။

–အစိုးရ
–နိုင်ငံရေးအတိုက်အခံအင်အားစု
–လူထုကိုယ်စားပြုအဖွဲ့အစည်းများ

တိုင်းပြည်ထူထောင်ရေးနှင့် အသွင်ကူးပြောင်းရေးလုပ်ငန်းတွေမှာ လူနည်းစု လူမျိုးစုတွေ၊ ဘာသာရေးအဖွဲ့ငယ်တွေနဲ့ အမျိုးသမီးများဟာ သမိုင်းစဉ်တလျှောက် ပါဝင်ဆောင်ရွက်ခွင့်မရခဲ့ကြပါဘူး။ တကယ်တမ်းကျတော့ သူတို့ဟာ အဲဒီလုပ်ငန်းစဉ်တွေ အကောင်အထည်ဖေါ်တဲ့နေရာမှာ အရေးပါတဲ့အခန်းကဏ္ဍကနေ လှုပ်ရှားခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာ IDEA အနေနဲ့ အကြမ်းဖက် ပဋိ ပက္ခများနှင့် ရာစုပေါင်းများစွာ အာဏာရှင်လက်အောက်မှ ပေါက်ဖွားခဲ့ကြသောနိုင်ငံများမှာ ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။ ဥပမာ ဘော့စနီးယား၊ ဘာကီနာ ဖတ်(စ်)စို၊ ဂွာတီမာလာ၊ အင်ဒိုနီးရှားနှင့် နိုက်ဂျီးရီးယား။ IDEA အနေနဲ့ ထိုနိုင်ငံ အသီးသီးရဲ့ အရေးပါတဲ့ ညှိနှိုင်းအဖြေရှာတဲ့ ဆွေးနွေးပွဲတွေကို အထောက်အကူပြုစေဖို့အတွက် အောက်ပါလုပ်ငန်းတွေကို ကူညီပေးခဲ့ပါတယ်။

–၎င်းနိုင်ငံအသီးသီးရဲ့လက်ရှိအခြေအနေများကို အသေးစိပ် သုံးသပ်လေ့လာရန်
–အဖွဲ့အစည်းအသီးသီးမှ အတူတကွ ပြန်လည်ပေါင်းစည်း လုပ်ကိုင်လာနိုင်ရန်အတွက် ပြန်လည်ပြုပြင်ရေးလုပ်ငန်းစဉ်များရေးဆွဲရန်
–ဒီမိုကရေစီစနစ် ခိုင်မြဲရန်နှင့် ဖွံ့ဖြိုးတိုးတက်လာစေရန်

နိုင်ငံရေးအရ ဆွေးနွေးခြင်းဟာ လျှို့ဝှက်သိမ်မွေ့နက်နဲသော လုပ်ငန်းစဉ်ဖြစ်ပြီး၊ ယုံကြည်မှု အပြန်အလှန်တည်ဆောက်မှု၊ အချိန်ကုန်ခံ ရင်းနှီးပေးဆပ်မှု၊ စိတ်ရှည်သည်းခံနိုင်မှုနှင့် ခိုင်မာသော ကတိကဝတ် ပြုမှုများ လိုအပ်ပါတယ်။

အပြည်ပြည်ဆိုင်ရာ IDEA အနေနဲ့ အကြမ်းဖက် ပဋိပက္ခများ နှင့် ရာစုပေါင်းများစွာ အာဏာ ရှင်လက်အောက်မှ ပေါက်ဖွား ခဲ့ကြသော နိုင်ငံများမှာဝင်ရောက် လုပ်ကိုင်ခဲ့ပါတယ်။

## **IDEA** ၏ မြန်မာပြည်လုပ်ငန်းစဉ်များ

IDEA အနေဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီထွန်းကားရေးအတွက် အထောက်အကူပြုစေမည့် နိုင်ငံရေးအရ တွေ့ဆုံညှိနှိုင်းအဖြေရှာခြင်းလုပ်ငန်းစဉ်ကို ထောက်ခံကူညီသွားဖို့အတွက် သံဓိဋ္ဌာန်ချပြီး ဖြစ်ပါတယ်။မြန်မာနိုင်ငံမှာလက်ရှိဖြစ်ပေါ်နေသောအခြေနေများဟာထိုလုပ်ငန်းစဉ်များကို အကောင် အထည်ဖော်နိုင်ရန်အတွက် အခက်အခဲများစွာ ရှိနေတာကိုပြနေပါတယ်။ ဒီမိုကရေစီနည်းအရ ရွေးကောက်ခံရတဲ့ အတိုက်အခံနဲ့ စစ်အုပ်စုအကြား ကွဲပြားမှုကြီးမားစွာရှိနေသလိုပဲ ဗမာနှင့်တိုင်းရင်းသားလူမျိုးစုအကြား မှာလည်း မတူညီမှုများ ထင်ရှားစွာ တွေ့နေရပါတယ်။ တိုင်းရင်းသားလူမျိုးစုအချင်းချင်း ဆက်ဆံမှုမှာလည်း အပြန်အလှန်သံသယများနှင့်ဥပက္ခာပြုမှုများတွေ့နေရပါတယ်။ ပြန်လည်ပြုပြင်ရေးနဲ့ တိုင်းပြည်တည် ဆောက်ရေးအတွက် တွေ့ဆုံဆွေးနွေးအဖြေရှာရေးကို အထောက် အကူ ပြုမည့် ဘုံရည်မှန်းချက် ဖော်ဆောင် ရေး အလားအလာမှာ မှေးမှိန်လျက်ရှိနေပါတယ်။ ဒါကြောင့်မို့အခုလို တွေ့ဆုံဆွေးနွေးရေးအတွက် အထောက်အကူပြုလုပ်ငန်းများ၊ ရင်းနှီးမြုပ်နှံမှုများဟာ အလိုအပ်ဆုံး ဖြစ်ပေါ်နေတယ်ဆိုတာကိုလက်ရှိ အခြေနေများက ထင်ထင်ရှားရှား မီးမောင်းထိုးပြနေပါတယ်။

IDEAအနေနဲ့ တိုင်းရင်းသားလူမျိုးစုအကြား ပြည်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီရရှိရေးကို အထောက်ကူပြုမယ့် ပြုပြင်ပြောင်းလဲရေးအတွက် တွေ့ဆုံဆွေးနွေးပွဲပေါ်ပေါက်လာနိုင်ရန် ဆွေးနွေးပွဲ ၂–ခု ပြုလုပ်ပေးခဲ့ပါတယ်။ ပထမဆွေးနွေးပွဲကို ချင်းမိုင်မြို့မှာမတ်လ (၂၀)ရက်နေ့မှ (၂၄) ရက်နေ့ထိ ကျင်းပခဲ့ပြီး ဒုတိယဆွေးနွေးပွဲကို နယူးဒေလီမြို့၌မတ်လ (၂၄) ရက်မှ (၂၈) ရက်ထိ ပြုလုပ်ပေးခဲ့ပါတယ်။ ဆွေးနွေး ပွဲသို့ ဒီမိုကရေစီလှုပ်ရှားမှုတွင်အရေးပါသော ပုဂ္ဂိုလ်များ၊ ဥပမာအားဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ် (NRPP) တွင် ပါဝင်ကြသော တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များ တတ်ရောက်ခဲ့ကြပါတယ်။

ဆွေးနွေးပွဲများ

IDEA အနေဖြင့် ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးပေးရန် Mr. Fink Haysom ကို ဖိတ်ခေါ်ခဲ့ပါတယ်။ သူ့အနေနဲ့ တောင်အာ ဖရိနိုင်ငံရဲ့ အသွင်ကူးပြောင်းရေးကာလ သုံးသပ်ချက်တွေကို တင်ပြခဲ့ရာမှာ အခြားအာဖရိကတိုက်နိုင်ငံများက အလားတူဖြစ်စဉ်များနှင့်အတူ သူရဲ့ကိုယ်တွေ့ အတွေ့အကြုံများကို ထည့်သွင်းရှင်းပြနိုင်ခဲ့ပါတယ်။ သူဟာ မတူညီသောအခြေအနေနှင့် လုပ်ငန်းစဉ်များ အောက်တွင် တက်ကြွသော နိုင်ငံရေးသမားများအဖြစ်လည်းကောင်း၊ စေ့စပ်ဆွေးနွေးရေးသမားတဦး အနေဖြင့် လည်းကောင်း၊ တောင်အာဖရိကနိုင်ငံ၏ အသွင်ကူးပြောင်းရေးဖြစ်စဉ်မှာ အတွေ့အကြုံများစွာ ရှိခဲ့သူ ဖြစ်ပါတယ်။

ဆွေးနွေးပွဲတွင် အောက်ပါအချက်များကိုဆွေးနွေးဖို့ပြင်ဆင်ခဲ့ပါတယ်။

–အစိတ်စိတ် အမွှာမွှာကွဲနေသော လူ့အဖွဲ့အစည်းတခုအတွင်း ပဋိပက္ခများကို စီမံခန့်ခွဲမှုများ

–ဒီမိုကရေစီအသွင်ကူပြောင်းရေးကို အထောက်အကူပြုမယ့် အခြေခံအုတ်မြစ်တည်ဆောက်ရေးနှင့် ပတ်သက်သည့် ဖြစ်နိုင်ချေများ

–ဒီမိုကရေစီအသွင်ကူပြောင်းရေးကို ချိတ်ဆက်ပေးမယ့် ပေါင်းကူးတံတားများ တည်ဆောက်နိုင်ရေးအတွက် ဖြစ်နိုင်ချေများ

မြန်မာနိုင်ငံက ဒီမိုကရေစီရေးလှုပ်ရှားသူများအတွက် တောင်အာဖရိကနိုင်ငံရဲ့ ဖြတ်သန်းမှု အတွေ့အကြုံများကို လေ့လာတဲ့အခါမှာ စိတ်ဝင်တစားရှိခဲ့ပါတယ်။ အဓိကအားဖြင့် တောင်အာဖရိက နိုင်ငံ၏ အောင်မြင်မှု၊ ဆုံးရှုံးမှုတွေနဲ့ ပတ်သက်တဲ့ သေနင်္ဗျူဟာ အတွေးအခေါ်ဟာ စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်စေခဲ့ပါတယ်။ ဒီဆွေးနွေးပွဲကနေပြီး မြန်မာ့ဒီမိုကရေစီအရေးလှုပ်ရှားသူများအနေနဲ့



တောင်အာဖရိကနိုင်ငံရဲ့ သေနင်္ဂဗျူဟာ ရွေးချယ်မှုများဟာ နိုင်ငံရဲ့ပြုပြင်ပြောင်းလဲရေးကို အထောက်အကူပြုစေခဲ့သလိုပဲ လုပ်ငန်းစဉ်တွေကို အကောင်ထည်ဖေါ်ဖို့အဟန့်အတား ဖြစ်စေခဲ့တယ်ဆိုတဲ့ ဖြစ်ရပ်တွေအပေါ် သုံးသပ်လေ့လာနိုင်ဖို့ အခွင့်အလမ်းတွေ ရခဲ့ပါ တယ်။ဒီလိုမျိုး အတွေ့ကြုံသစ်တွေကို လေ့လာနိုင်ခြင်းအားဖြင့် မြန်မာနိုင်ငံအရေးမှာ အားသာချက် အားနည်းချက်တွေကို ဝေဖန်ပိုင်းခြား သတ်မှတ်လာနိုင်မယ်လို့ မျှော်လင့်ပါတယ်။ တောင်အာဖရိကနိုင်ငံနဲ့ မြန်မာနိုင်ငံအကြားမတူညီတဲ့ အခြေအနေတွေနဲ့ ကွဲပြားတဲ့ ဖြစ်ရပ်တွေကို ရှင်းရှင်းလင်းလင်း ဖေါ်ထုတ်နိုင်ခဲ့ပြီးတော့ တောင်အာဖရိကရဲ့နည်းလမ်းကို မြန်မာပြည်မှာ တိုက်ရိုက်သုံးသင့်တယ်ဆိုတဲ့အပေါ်ယံဆန်ဆန် သုံးသပ်မှုတွေမရှိခဲ့ပါဘူး။

## မြန်မာပြည်မှ တတ်ရောက်လာသူများရဲ့အမြင်များ

ချင်းမိုင်ရော၊ နယူးဒေလီမှာပါ တတ်ရောက်လာသူများက အခုကိစ္စနဲ့သက်ဆိုင်နေတဲ့ မေးခွန်းပေါင်းများစွာ မေးခဲ့ပါတယ်။ တူတာတွေကိုစုပြီး ခေါင်းစဉ်ခွဲကြည့်တဲ့အခါ အောက်ပါအတိုင်း တွေ့ရပါတယ်။

–တွေ့ဆုံဆွေးနွေးပြီး ရလာနိုင်မယ့်အဖြေကိုရောက်အောင် ဘယ်လိုအခြေအနေတွေ ဖန်တီးဖို့လိုသလဲ။

–နိုင်ငံရေးအရ ညှိနှိုင်းဆွေးနွေးအဖြေရှာရာမှာ လိုအပ်မယ့် လုပ်ငန်းစဉ်အဆင့်တွေဟာ ဘာလဲ။

–မြန်မာနိုင်ငံနဲ့လိုက်လျောညီထွေဖြစ်နိုင်မယ့်တောင်အာဖရိကရဲ့လုပ်ငန်းအခြေနေအပေါ် ဘယ်လို သင်ခန်းစာယူမလဲ။

မြန်မာနိုင်ငံမှ တက်ရောက်လာသူများ ပြောလာတာကတော့ တွေ့ဆုံဆွေးနွေးရေး အတတ်ပညာနဲ့ပတ်သက်ပြီး သင်တန်းများပေးခြင်းအပြင် နိုင်ငံရေးလုပ်ငန်းစဉ်နဲ့ ဆွေးနွေးမှုအဆင့်တိုင်းမှာ မရှိမဖြစ် လိုအပ်မယ့် အခြေခံဥပဒေနဲ့ နိုင်ငံရေးအတွေးခေါ်ဆိုင်ရာ အခြေခံအချက်များ သိရှိဖို့ လိုကြောင်း ဆွေးနွေးခဲ့ကြပါတယ်။ မြန်မာနိုင်ငံမှာ စစ်အစိုးရရဲ့ ဖိနှိပ်မှုပြင်းထန်လွန်းခြင်းနဲ့၊ ပညာရေးအဆက်ပြတ်သွားခြင်းတို့ဟာ တိုင်းပြည်ကိုနစ်နာသွားစေတဲ့ အဓိကအချက်တွေပါ။ ဒါကြောင့်မို့ မြန်မာ့ဒီမိုကရေစီအရေးလှုပ်ရှားသူများအနေနဲ့ အခြေခံဥပဒေဆိုင်ရာ အတွေးအခေါ်များ၊ အထူးသဖြင့် ဖယ်ဒရယ်စနစ်နဲ့ပတ်သက်ဆက်နွယ်တဲ့အချက်များ၊ အခွင့်အရေး ရပိုင်ခွင့်နဲ့တာဝန်ဝတ္တရားများ၊ ပြည်နယ်ခွဲဝေ သတ်မှတ်မှုများနဲ့ ပတ်သက်တဲ့ ဖွဲ့စည်းပုံဆိုင်ရာအချက်အလက်များကို လေ့လာရန် လိုအပ်ပါတယ်။ တွေ့ဆုံဆွေးနွေးရေးကို ပြင်ဆင်ထားနိုင်ဖို့အတွက် မဟာမိတ်အချင်းချင်း အရေးကြီးဆုံးယူဆချက်များအပေါ်နဲ့ အနာဂတ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံအချက်များအပေါ် နားလည်မှုယူနိုင်မယ့် အခြေနေမျိုး မြန်မာများအနေနဲ့ လိုအပ်ပါတယ်။

မြန်မာနိုင်ငံမှတက်ရောက်လာသူများ ပြောလာတာကတော့ တွေ့ဆုံဆွေးနွေးရေးအတတ်ပညာနဲ့ပတ်သက်ပြီး သင်တန်းများပေးခြင်းအပြင် နိုင်ငံရေးလုပ်ငန်းစဉ်နဲ့ ဆွေးနွေးမှုအဆင့်တိုင်းမှာ မရှိမဖြစ် လိုအပ်မယ့် အခြေခံဥပဒေနဲ့ နိုင်ငံရေး အတွေးအခေါ်ဆိုင်ရာ အခြေခံအချက်များ သိရှိဖို့လိုကြောင်းဆွေးနွေးခဲ့ကြပါတယ်။

# အပိုင်း ၂

# တောင်အာဖရိက

# အတွေ့အကြုံ

၂။ နိဒါန်း

တောင်အာဖရိကအတွေ့အကြုံ

၁၉၈၉ ခုနှစ်ကုန်ပိုင်းမှာ Mme Mitterand က ပါရီမြို့တွင် ဆွေးနွေးပွဲတခု ကျင်းပခဲ့ပါတယ်။ ဒီဆွေးနွေးပွဲကနေ လူမျိုးခွဲခြားရေးအုပ်ချုပ်မှုကို ဆန့်ကျင်နေကြတဲ့အတွင်း၊ အပြင် အင်အားစုများစွာကို စုစည်းစေခဲ့ပါတယ်။ ဆွေးနွေးပွဲမှာ ပြောဆိုခွင့်ရှိသူတဦးကနေပြီး လူဖြူအစိုးရဟာ ANC (အာဖရိက အမျိုးသားကွန်ဂရက်) နဲ့ အခြားလွတ်မြောက်ရေးလှုပ်ရှားမှုများကို တရားမဝင်ပြုလုပ်ထားခြင်းအား ရပ်စဲရေးနှင့် တောင်အာဖရိကနိုင်ငံလူမျိုးရေးအကြမ်းဖက် ပဋိပက္ခဖြစ်ရပ်များကို တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာနိုင်မယ့် လမ်းကြောင်းပေါ် တက်လှမ်းရေးတို့ကို စဉ်းစားနေတယ်လို့ စိတ်ထဲမှာမှတ်ကြည့်ကြရအောင် လို့ပြောလာတယ်။ သူ့ရဲ့အကြံပြုဆွေးနွေးချက်ဟာ အဲဒီချိန်ကအခြားသူတွေရဲ့ ပျက်ရယ်ပြုခြင်းနဲ့ ကြုံခဲ့ရပါတယ်။ ပြီးခဲ့တဲ့ဆယ်စုနှစ်တခုလုံးမှာ တောင်အာဖရိကနိုင်ငံဟာ တခါမှမကြုံဖူးတဲ့ လူထုအုံကြွဆန္ဒပြမှုတွေ၊ ဖိနှိပ်မှုတွေ၊ အကြမ်းဖက်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ တိုင်းပြည်ဟာ အမြဲလိုလိုနီးပါး အရေးပေါ် အခြေအနေဖြစ်နေခဲ့တယ်။ ငြိမ်းချမ်းစွာ ဒီမိုကရေစီသို့ အပြီးတိုင် အသွင်ကူးပြောင်းရေးဆိုတာ ဘယ်လိုမှစဉ်းစားကြည့်လို့တောင် မရနိုင်တဲ့ အခြေနေမျိုးပါ။ တကယ်တော့ တောင်အာဖရိကပဋိပက္ခဟာ ကမ္ဘာပေါ်မှာ စီမံဖြေရှင်းရအခက်ဆုံး ပြဿနာတွေထဲမှာ တခုအပါ အဝင်ဖြစ်ခဲ့တာပါ။ ဒါပေမယ့် ဒီပါရီဆွေးနွေးပွဲအပြီး (၆)လအတွင်းထဲမှာပဲ လွတ်မြောက်ရေးလှုပ်ရှားမှုဟာ တရားမဝင်ကြေညာခံထားရာကနေ တရားဝင်ကြောင်း ကြေညာခံလာရတယ်။ အဖမ်းဆီးထိန်းသိမ်းခံ နိုင်ငံရေးခေါင်းဆောင်တွေလည်း လွတ်လာကြပါတယ်။ တောင်အာဖရိကရဲ့ ရက်စက်ကြမ်းကြုတ်ပြီး လူမျိုးရေးအရဖိနှိပ် ဥပဒေတွေကိုလည်း ဖျက်သိမ်းလုနီးပါးဖြစ်ခဲ့တယ်။ လူမျိုးစုများကွဲပြားနေတဲ့ တောင်အာဖရိကနိုင်ငံသားတွေအားလုံးရဲ့ ၆–နှစ်ကြာ တွေ့ဆုံညှိနှိုင်းအဖြေရှာပွဲမှာ ပါဝင်ခဲ့မှုဟာ နောက်ဆုံးမယုံနိုင်လောက်အောင် အောင်မြင်မှု အထွတ်အထိပ်ကိုရောက်ခဲ့တယ်။ အဲဒါကတော့ ဒီမိုကရေစီကို ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းမှု အောင်မြင်သွားတာပါပဲ။ ဒါပေမယ့် အဲဒီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်အဆင့်ဟာ လုံးဝချောမွေ့နေခဲ့တာတော့ မဟုတ်ပါဘူး။ ထိပ်တိုက်ရင်ဆိုင်မှုတွေ၊ ရုတ်တရက်အမှတ်မထင်ဖြစ်ပေါ်လာတဲ့ အကြမ်းဖက်မှုတွေနဲ့ နိုင်ငံရေးပရိယာယ်အရ အဆက်မပြတ်တိုက်ကြတဲ့စစ်ပွဲတွေကို ဖြတ်သန်းခဲ့ရတယ်။

အတုယူစရာသင်ခန်းစာများ





တောင်အာဖရိကနိုင်ငံသမိုင်းကနေ ပထမအရေးကြီးဆုံး ရလိုက်တဲ့ သင်ခန်းစာကတော့ ရုတ်တ ရက် ချက်ချင်းပြောင်းလဲလာတဲ့ အခြေအနေပေါ်မှာ လက်ဦးမှုရယူနိုင်ဖို့ နိုင်ငံရေးအရရော၊ အတတ်ပညာပိုင်းဆိုင်ရာအရပါ ပြင်ဆင်ထားနိုင်ဖို့ မရှိမဖြစ်အရေးတကြီးလိုအပ်ပါတယ်။ ပြောင်းလဲဖို့ဖြစ်နိုင်မဲ့ အလားအလာမရှိတဲ့ အခြေအနေနဲ့ မဖြစ်နိုင်ဘူးလို့ ထင်ရတဲ့ အနေအထားကာလတွေမှာတောင် ကြိုတင်နမိတ်ပြတဲ့ လက္ခဏာတွေမပြပဲ အခြေအနေဟာ ရုတ်ချည်းပြောင်းသွားနိုင်တယ်။ ချေမှုန်းဖို့ မစဉ်းစားနိုင် လောက်အောင် အဆမတန် အင်အားကြီးမားတဲ့ စစ်အာဏာရှင်စနစ် နှစ်ပေါင်းများစွာ သက်ဆိုးရှည်ခဲ့ပေမဲ့ အခုပြောခဲ့သလို ရုတ်တရက် မထင်မှတ်ပဲ နိုင်ငံရေးအင်အားစုတွေရဲ့ ချိန်ခွင်လျှာ အပြောင်းအလဲဖြစ်သွားခဲ့ရတဲ့နိုင်ငံတွေအကြောင်း လတ်တလော ဥပမာတွေပြရမယ်ဆိုရင် နိုက်ဂျီးရီးယားရှိမယ်။ မြန်မာနိုင်ငံနဲ့ ပိုနီးကပ်တဲ့ ဥပမာဆိုရင်တော့ အင်ဒိုနီးရှားနဲ့ အရှေ့တီမောကို ပြရမှာပဲ ဖြစ်ပါတယ်။

အခုလိုရှေ့မှာဖြစ်ပေါ်လာမယ့် အခြေနေပေါ်မှာ အကျိုးရှိရှိ အသုံးချနိုင်ဖို့၊ လက်ဦးမှုယူနိုင်ဖို့ဆိုရင် အသင့်ရေးဆွဲပြီးသား ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတခု အိပ်ထဲအဆင့်ရှိနေရုံမျှနဲ့ မလုံလောက်တော့ဘူး။ ဘာလို့လဲဆိုတော့ အဲ့ဒီပြောင်းလဲမှုအောက်မှာ ခေါင်းဆောင်တွေ၊ မဟာမိတ်အင်အားစုတွေနဲ့ အထူးသဖြင့် စစ်ရေးအားသန်တဲ့ အခြေခံလူတန်းစားတွေရင်ဆိုင်ရမယ့် စိမ်ခေါ်မှုအသစ်တွေ ပေါ်လာမယ်။ အဲ့ဒီစိမ်ခေါ်မှု အသစ်တွေကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့ဆိုရင် နိုင်ငံသားတွေရဲ့လုပ်နိုင်စွမ်းတွေကို အခုထဲကကြိုပြီး ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ထားဖို့လိုတယ်။ ခိုင်မာတဲ့ ရပ်တည်ချက် (ဖိနှိပ်မှုပြင်းထန်ပြီး စစ်ရေးအရခုခံဖြိုဖျက်ရတဲ့ကာလမှာ မရှိမဖြစ် အရေးတကြီး တန်ဖိုးထားဂုဏ်ယူခဲ့ကြတဲ့အရာ) ဟာ စေ့စပ်ညှိနှိုင်းအဖြေရှာတဲ့ ဆွေးနွေးမှုမှာ အရေးတကြီးလိုအပ်မယ့် သေနင်္ဂဗျူဟာ အရပျော့ပျောင်းမှုကို အဟန့်အတား သွားဖြစ်ကောင်း သွားဖြစ်စေနိုင်တယ်။

အဲဒီမှာ အထူးသတိထားပြီး လေးလေးနက်နက်စဉ်းစားရမှာက ဒီလုပ်ငန်းဟာ ရေတိုအကျိုးတခုပဲကိုကြည့်ပြီး လုပ်နေတာ မဟုတ်ဘူး။ ရေရှည်မှာ ဒီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွေပိုပြီး ခိုင်မာ တိုးတက်လာနိုင်အောင် လုပ်ငန်းစဉ်ရဲ့အရှိန်အဟုန်ကို မြှင့်တင် ထိန်းသိမ်းသွားနိုင်အောင်၊ ပြီးတော့ ဒီပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းစဉ်ကို နောက်ပြန်ဆဲမလှည့်နိုင်အောင် ကြိုတင်စဉ်းစားပြီး ဆင်ခြင်သုံးသပ်ပြီးလုပ်ကြဖို့ အထူးအရေးကြီးတယ်။

ဥပမာတွေပြရမယ်ဆိုရင်… နိုက်ဂျီးရီးယားရှိမယ်။ မြန်မာနိုင်ငံနဲ့ ပိုနီးကပ်တဲ့ ဥပမာဆိုရင်တော့ အင်ဒိုနီးရှားနဲ့အရှေ့တီမောကို ပြရမှာပဲ ဖြစ်ပါတယ်။

# အပိုင်း ၃

# မြန်မာနိုင်ငံ နှင့် တောင်အာဖရိက နိုင်ငံအ-ကြား တူညီမှုများ နှင့် ခြားနားမှုများကို ရှာဖွေသတ်မှတ်ခြင်း

၃။ မြန်မာနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံအကြား တူညီမှုများနှင့် ခြားနားမှုများကို ရှာဖွေသတ်မှတ်ခြင်း

ပထမဦးစွာကပဲ မြန်မာနိုင်ငံနဲ့ တောင်အာဖရိကနိုင်ငံတို့ရဲ့ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေအရင်းခံတွေ မတူညီတဲ့အနေထားတွေကို အလေးနက်ထားလေ့လာ သုံးသပ်ဖို့လိုပါတယ်။ တောင်အာဖရိကနိုင်ငံမှာလည်း စံပြုသင့် တဲ့ဖွဲ့စည်းပုံ ဥပဒေတွေ နဲ့ဒို့ပက္ခ အတိုက်အခိုက်တွေကို ဖြေရှင်းပေးနိုင်မယ့် နည်းလမ်းတွေကို အကြံပေးခဲ့ကြတဲ့ နိုင်ငံခြားပညာရှင်တွေအများကြီး ရှိခဲ့ပါတယ်။ တနိုင်ငံအတွက်မှန်တဲ့ နည်းလမ်းတွေဟာ တခြားနိုင်ငံတခုအတွက်လဲ လုံးဝမှန်ကန်သင့်တော်မယ်လို့ တထစ်ချပြောလို့မရပါဘူး။ ဒါပေမယ့် တောင်အာဖရိကနိုင်ငံအနေနဲ့ အခြားနိုင်ငံတွေရဲ့ အောင်မြင်မှု၊ ဆုံးရှုံးမှုသင်ခန်းစာတွေကို ရှာဖွေစုဆောင်း လေ့လာနိုင်ခဲ့တယ်။ ခေတ်မီတဲ့ဖွဲ့စည်းပုံ နည်းလမ်းပညာတွေကို လေ့လာထုတ်နှုတ်ယူပြီး အများစုက ဖြေရှင်းလို့မရနိုင်ဘူးလို့ ထင်ခဲ့ကြတဲ့ တောင်အာဖရိကရဲ့ ပြဿနာတွေအတွက် အဖြေရှာနိုင်ဖို့ လက်တွေ့အသုံးချမှုတွေ လုပ်ခဲ့ကြတယ်။ ဒါကြောင့်မို့ တောင်အာဖရိက နိုင်ငံအနေနဲ့လည်း သူတို့ လေ့လာ သိရှိခဲ့တာတွေကို အခြားဒီမိုကရေစီလုပ်ရှားမှုတွေအတွက် လက်ဆင့်ကမ်းဖြန့်ဝေပေးတာ သင့်တော်တယ်လို့ဆိုရမှာပဲ။ အဲဒီလှုပ်ရှားမှုတွေမှာရှိနေတဲ့ နိုင်ငံတွေဖက်ကလည်း သူတို့ မသင့်တော် မဆက်စပ်ဘူးထင်တဲ့ သဘောတရားတွေ၊ အတွေ့အကြုံတွေနဲ့ ဗျူဟာမြောက် စဉ်းစားပုံတွေကို ငြင်းဆိုဖို့အခွင့်ရေး အပြည့်ဝရှိပါတယ်။ ဒါကြောင့်မို့လဲ အပြည်ပြည်ဆိုင်ရာ IDEA အနေနဲ့လည်း ဆွေးနွေးပွဲကိုစတဲ့နေရာမှာ တောင်အာဖရိကနိုင်ငံရဲ့ ရေမြေတောတောင်၊ စီးပွားရေးနဲ့ နိုင်ငံရေးဆိုင်ရာ လက္ခဏာတွေနဲ့ သူ့ရဲ့အကျဉ်းချုံးကို အရင်ဖေါ်ပြခဲ့တယ်။ ဖေါ်ပြတဲ့နေရာမှာလည်း တောင်အာဖရိကနဲ့ မြန်မာနိုင်ငံတို့ရဲ့ သီးသန့်ထူးခြားတဲ့ အခြေအနေတွေကို မီးမောင်း ထိုးပြခဲ့တယ်။

## မြန်မာနိုင်ငံနဲ့ တောင်အာဖရိကနိုင်ငံများအကြားတူညီမှုများ

မြန်မာနိုင်ငံသာမက တောင်အာဖရိကနိုင်ငံမှာပါ လက်တဆုပ်စာ လူနည်းစု လက်အောက်မှာ ဖိနှိပ်ချုပ်ချယ်မှုတွေခံခဲ့ကြရပါတယ်။ နိုင်ငံအနှံ့အပြား ထူထပ်စွာရှိနေခဲ့တဲ့ စစ်ထောက်လှမ်းရေးနဲ့ လုံခြုံရေးယန္တယားရဲ့ နှိပ်ကွပ်မှုကို အဓိက ရင်ဆိုင်ခဲ့ရတယ်။ ဒါပေမယ့် နဝတ၊ နအဖတို့ရဲ့ နည်းလမ်းသေနင်္ဗျူဟာနဲ့ တောင်အာဖရိက လူဖြူ လူမဲခွဲခြားအုပ်ချုပ်ရေးလူတစုရဲ့ နည်းလမ်းတွေကြားမှာ အရေးပါတဲ့ မတူညီမှုတွေ များစွာတွေ့ရတယ်။

မြန်မာနိုင်ငံနှင့်တောင်အာဖရိကနိုင်ငံများအကြား မတူညီမှုများ လှုပ်ရှားမှုတိုက်ပွဲ အခြေနေနဲ့ ပတ်သက်ပြီး အရေးကြီးဆုံးကွဲပြားခြားနားချက်တွေကို အောက်ပါအတိုင်း ဖေါ်ပြထားပါတယ်။

> **တောင်အာဖရိက**
>
> –တောင်အာဖရိကရဲ့ လူဖြူလူမဲခွဲခြားရေးစနစ်ဟာ လူများစု လူမဲ များကို လူမျိုးစုဒေသ (၉)ခု အတွင်း အတင်း အဓမ္မခွဲခြား သွတ်သွင်း အုပ်ချုပ်မှုအပေါ် မှာ အခြေခံတယ်။
>
> –လူဖြူလူမဲခွဲခြားအုပ်ချုပ်ရေးကို ဆန့်ကျင်မှုတိုက်ပွဲဟာ လူမျိုးစုအဖွဲ့တွေ အသီးသီးက ဒီမိုကရေစီအင်အားစုများကို စုစည်းခြင်း အပေါ်မှာ အဓိကထား ဆောင်ရွက်တယ်။

→



–ဆန့်ကျင်ရေးတိုက်ပွဲတွေဟာ အမျိုးသားရေး လက္ခဏာ လုံး၀ ဆောင်ပြီး တမျိုးသားလုံးဆိုင်ရာ ဦးတည်ချက်ရှိနေ တယ်။
–အရေးပါလာတဲ့ တိုက်ပွဲလှုပ်ရှားမှုတွေဟာ တိုင်းပြည်ထဲမှာရှိတဲ့ တရားဝင် လှုပ်ရှားနိုင်တဲ့ နေရာတွေကို ထိထိ ရောက်ရောက် အခွင့်ကောင်းယူ အသုံးချနိုင်ခဲ့တဲ့ အပေါ်မှာ ဖြစ်ပေါ်တိုးတက်လာခဲ့တယ်။
–အင်အားကောင်းတဲ့ အလုပ်သမားသမဂ္ဂတွေနဲ့ လူထုလူတန်းစား ကိုယ်စားပြု အဖွဲ့အစည်း အသီးသီး ပါဝင်တဲ့ဒီမိုကရေစီအရေး လူထုလှုပ်ရှားမှုကြီးဟာ တဖြည်း ဖြည်း ကြီးမားလာတာကို အထူးသဖြင့် ၁၉၈၀ ဝန်းကျင်နှစ်များမှာ တွေ့ရတယ်။

နောက်အရေးပါတဲ့ မတူညီမှုတွေကတော့– တောင်အာဖရိကရဲ့ ကမ္ဘာ့ ကုန်သွယ်မှု အပေါ်မှီခိုနေတဲ့ အနေအထားတိုးတက်ပြီးဖြစ်တဲ့ စီးပွားရေး အခြေခံအဆောက် အအုံရဲ့ ထိခိုက်လွယ်တဲ့ ဟာကွက်ပျော့ကွက်တွေနဲ့ နိုင်ငံတကာဖိအားကို မခံနိုင်မှုတွေပါပဲ။

**မြန်မာနိုင်ငံ**

မြန်မာနိုင်ငံရဲ့ လှုပ်ရှားမှုတိုက်ပွဲတွေရဲ့ သဘာဝနဲ့ ဖြစ်စဉ်ကြတော့ တကယ်လို့ စစ်အာဏာရှင်စနစ်ကို ထိထိရောက်ရောက် ဆန့်ကျင်ကြမယ်ဆိုရင် တိုင်းရင်းသားအင်အားစုတွေနဲ့ မြန်မာ့ဒီမိုကရက်တွေကြားမှာ အလေးနက်ထား ကြိုးပမ်း ဆောင်ရွက်ရမယ့် မဟာမိတ်တည်ဆောက်ရေးလိုအပ်ပါတယ်။
လက်ရှိမြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေတဲ့ ဖိနှိပ်မှု၊ ပြင်းထန်မှုအဆင့်အနေအထားဟာ ပြည်တွင်းမှာ ဖြစ်ပေါ်လာနိုင်မယ့် လှုပ်ရှားမှုတွေကို အဟန့်အတားနဲ့ ကန့်သတ်မှုတွေကို ဖြစ်စေပါတယ်။
–မြန်မာနိုင်ငံထဲဖြစ်နေတဲ့ ဖိနှပ်မှုတွေဟာ စစ်အုပ်စုနဲ့သီးသန့်ထူးခြားတဲ့ သဏ္ဍာန်တွေကို ဖော်ပြနေတယ်။
–ထူးခြားတဲ့ စစ်တပ်ရဲ့ တိုက်ရိုက်ပါဝင်မှုဟာ အဖွဲ့အစည်းတခုအနေနဲ့ရော၊ အရေး ပါတဲ့ ယန္တရား အစုအနေနဲ့ရောရှိနေပါတယ်
ကမ္ဘာ့စီးပွာရေးနယ်ပယ်ထဲ မြန်မာနိုင်ငံရဲ့လက်ရှိအနေအထားကကျတော့ သာမန်လူတန်းစားတွေအတွက် တဖက်မှာကပ် ဆိုက်သလို ခံရပေမယ့် နောက်တဖက်မှာ နိုင်ငံတကာရဲ့ဖိအား နဲ့ စီးပွားရေး ပိတ်ဆို့မှုရဲ့ဒဏ်ကို တစိတ်တပိုင်းအားဖြင့် မြန်မာနိုင်ငံ မခံရလေအောင် ကာကွယ်ပေးထားသလိုဖြစ်နေတယ်။

တချိန်ထဲမှာ စစ်တပ်ဟာ နိုင်ငံတော် ဘတ်ဂျက်ရဲ့ (၅၀) ရာခိုင်နှုန်းကနေ၊ (၆၀) ရာခိုင်နှုန်းထိကို စစ်တပ်အတွက် ဆက်သုံးနေပြီး။

အထက်မှာဖေါ်ပြခဲ့တဲ့ ထင်ရှားတဲ့မတူညီမှုတွေကို အသိအမှတ်ပြုရမှာဖြစ်သလို အခြားတဖက်မှာလည်း မြန်မာနိုင်ငံရဲ့အခြေအနေဟာ ပြဿနာ အကြီးအကျယ်တက်နေပြီး၊ ယခင် တောက်လျှောက်လည်း အချိန်အတိုင်းအတာတခုအထိ အဲဒီအကျပ်အတည်းထဲမှာရှိနေခဲ့တာဆိုတာကို လက်ခံရမှာဖြစ်ပါတယ်။ တချိန်ထဲမှာ စစ်တပ်ဟာ နိုင်ငံတော် ဘတ်ဂျက်ရဲ့ (၅၀) ရာခိုင်နှုန်းကနေ၊ (၆၀) ရာခိုင်နှုန်းထိကို စစ်တပ်အတွက် ဆက်သုံးနေပြီး တိုင်းပြည်ဟာ ပြည်တွင်းပြည်ပဖိအားပေါင်းများစွာကို ခံနေရဆဲဖြစ်ပါတယ်။ အနေထားတခုမှာတော့ စစ်အုပ်စုဟာ နိုင်ငံရေး စီးပွားရေးနဲ့ လူမှုရေးအရရှင်သန်နိုင်ပါ့မလားဆိုတာကို ရင်ဆိုင်ရမှာ ဖြစ်ပါ တယ်။ ဒါကြောင့်မို့လည်း အပြည်ပြည်ဆိုင်ရာ IDEA အနေနဲ့ ဒီဆွေးနွေး ပွဲမှာ အောက်ပါမေးခွန်း (၂) ခုကို အလေးအနက်ထား စဉ်းစားဖို့ တိုက်တွန်းခဲ့ရပါတယ်။
–နိုင်ငံရေးအရတွေ့ညှိနှိုင်း အဖြေရှာရန်အတွက် မည့်သည့်အချက်လက်များက အထောက်အကူ ပြု ကူညီနိုင်မလဲ။
–န၀တကို စားပွဲပေါ်တက်လာဖို့ဘယ်လိုအနေထားတွေလိုအပ်နေပါသလဲ။